မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၇၁)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို

နေပြည်တော် မတ် ၁၉

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ပုဂံခေတ်မှသည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်သို့တိုင် ခေတ်အဆက်ဆက်၌ သာသနာတော်ကို ကြည်ညိုကြသော မင်းအစိုးရအဆက်ဆက်တို့သည် 'အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂပဏ္ဍိတ၊ ဒိသာပါမောက္ခ သီရိမဟာစတုရင်္ဂဗလ၊ သုဓမ္မမဟာသာမိ၊ ရာဇဂုရု၊ မဟာဓမ္မရာဇဂုရု၊ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဓမ္မသေနာပတိ' အစရှိသော ဘွဲ့တံဆိပ်တော်များနှင့် ပထမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချ အစရှိသည့် ဘွဲ့တံဆိပ်တော်များကို သာသနာတွင် ထင်ရှားထူးခြားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ကြပေသည်။

နှစ်စဉ်ဆက်ကပ်

ထို့အတူ "သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့ဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ လူပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော်ပူဇော် သိမှတ်ဂုဏ်ပြုအပ်၏" ဟူသော ဒေသနာတော်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော် သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်လျက်ရှိသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၁ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ်(၄၂/၉၁)ဖြင့် ဘွဲ့တံဆိပ်တော် အမျိုးအစား ၂၀ တို့ကို အသစ်တီထွင် ပြဋ္ဌာန်းခဲ့ပြီးနောက် စဉ်ဆက်မပြတ် ယခင်ဆက်ကပ်လှူဒါန်းမြဲ ဘွဲ့တံဆိပ်တော်များနှင့် အသစ်တီထွင် ပြဋ္ဌာန်းသော ဘွဲ့တံဆိပ်တော်များကို ပြည်တွင်း၊ ပြည်ပမှ သာသနာတော်ဆိုင်ရာ ထူးခြားသော ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသည့် ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား နှစ်စဉ်ဆက်ကပ်ချီးမြှင့်ခဲ့သည်။

ကျောဖုံးသို့ ◆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၂၀ ရက်)

မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းကာကွယ်

ကမ္ဘာ့လူသားအားလုံးကို ခြိမ်းခြောက်နေသော အန္တရာယ်တစ်မျိုးသည် မူးယစ်ဆေးဝါးအန္တရာယ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို ဆယ်စုနှစ်များစွာကတည်းက ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ၂၀၁၁ ခုနှစ် မတ်လ ၆ ရက်နေ့အထိ ဘိန်းခင်း ၁၅၇၀၈ ဒသမ ၈၈ဧက ဖျက်ဆီးနိုင်ခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း မတ်လ ၇ ရက်နေ့မှ ၁၃ ရက်နေ့အတွင်း ဘိန်းခင်း ၄၄၂ ဒသမ ၃ဧကကို ထပ်မံဖျက်ဆီးနိုင်ခဲ့သည်။ ထို့ကြောင့် ဘိန်းခင်း စုစုပေါင်း ၁၆၁၅၁ ဒသမ ၁၈ဧက ဖျက်ဆီးနိုင်ခဲ့သည်။

ဘိန်းစိုက်ပျိုး စီးပွားရှာသောလုပ်ငန်းသည် ကိုလိုနီနယ်ချဲ့များ အာရှတွင် စီးပွားရေးနယ်ချဲ့ အခြေချစဉ်ကတည်းက ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ ရှေးမြန်မာမင်းများ လက်ထက်ကတည်းကပင် ဘိန်း၊ ကစော်၊ လှော်စာ၊ အရက်သုံးစွဲခြင်းကို အမိန့်ပြဋ္ဌာန်းချက်များ ထုတ်ပြန်တားမြစ်ခဲ့သည်။

မြန်မာနိုင်ငံသည် ဘိန်းအပါအဝင် မူးယစ်ဆေးဝါးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်းတို့ကို ပပျောက်စေရေးအတွက် ဘိန်းအစားထိုး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုနေသည့်အလျောက် ယင်း၏ဆိုးကျိုးကို ယနေ့ လူငယ်လူရွယ်များသိရှိပြီး ရှောင်ကြဉ်နိုင်ကြစေရေးအတွက် ပညာပေးပြပွဲများ၊ ဟောပြောပွဲများ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်၍ ပညာပေးစည်းရုံးလျက်ရှိသည်။

ယနေ့ လူငယ်လူရွယ်များသည် အနာဂတ်၏ မျိုးဆက်သစ်လေးများဖြစ်ရာ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်မည့်သူများဖြစ်သဖြင့် ဉာဏ်ရည်ထက်မြက်ပြီး ကျန်းမာသန်စွမ်းသော လူငယ်လူရွယ်လေးများ ဖြစ်နေကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မူးယစ်ဆေးဝါးအန္တရာယ်ကို လူငယ်များအပါအဝင် ပြည်သူများသိမြင်ပြီး မြန်မာ့မြေပေါ်မှာသာမက ကမ္ဘာ့မြေပေါ်မှပင် လုံးဝပပျောက်သွားရန် ဝိုင်းဝန်းကာကွယ်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ပိုလ်မှူးချုပ်ထွန်းသန်း
ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်းသည် မတ် ၁၇ရက်က မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံတက်ကုသမှုခံယူလျက်ရှိကြသော လူနာများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဖွင့်လှစ်

တိုင်းမှူးသည် မတ် ၁၈ ရက်က ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ကျင်းပသည့် ပထမအကြိမ် Myanmar IT & Mobile Exhibition 2011 ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူးက ပြပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် Myanmar ICT Awards 2010 ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သံဖြူဇရပ်မြို့နယ် ကြာကန်ရပ်ကွက် ပဒုမ္မာ ကတ္တရာထပ်ပိုးလွှာလမ်းကို မတ် ၁၇ ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်နှင့် ကြာကန်ရပ်ကွက်ဥက္ကဋ္ဌ ဦးမြတ်ကိုကိုတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အခြေခံပညာ(ကာယပညာ)မိသားစု
အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၉

စတုတ္ထအကြိမ်မြောက် အခြေခံပညာ(ကာယပညာ)မိသားစုက အသက်(၇၀)ပြည့်ပြီး ကာယပညာဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံမည့် ဆရာ ဆရာမကြီးများ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးမဲအောင် ဖုန်း-၀၉-၄၉၃၁၅၆၂၇၊ ဦးလှထွန်း ဖုန်း-၀၁-၅၄၈၈၁၈ လိုင်းခွဲ-၁၂၀၊ ၀၁-၆၄၆၁၈၃၊ ဦးကျော်ဋ္ဌေး ဖုန်း-၀၉-၈၆၂၈၃၈၊ ဦးညွှန့်ဝင်း ဖုန်း-၀၁-၅၃၆၁၃၆၊ ဦးသန်းအောင် ဖုန်း-၀၉-၇၃၀၁၈၁၁၂၊ ဒေါ်ခင်မာရီ ဖုန်း-၀၉-၅၀၆၈၄၆၃နှင့် ဦးအေးမင်း ဖုန်း-၀၉-၇၃၁၃၂၀၄၉တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (၀၁၅)

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ လေးနှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆုနှင့် အလှူငွေပေးအပ်ပွဲကို မတ် ၁၂ရက်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) (စီမံကိန်း) ဦးမျိုးညွှန့်က အကောင်းဆုံး ယာဉ်မောင်းဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၀၇)

အခြေခံကြက်ခြေနီနှင့် မီးသတ်သင်တန်း
ကြည့်မြင်တိုင်မြို့နယ်၌ဖွင့်

ရန်ကုန် မတ် ၁၉

ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မြို့နယ်အတွင်း (၁၈)ရပ်ကွက် အခြေခံကြက်ခြေနီ ရှေးဦးပြုစုခြင်းသင်တန်းနှင့် အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက်က သီရိမင်္ဂလာဈေးဟောင်းအပေါ်ထပ်၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားသည်။(အပေါ်ပုံ)

ဆက်လက်၍ သင်တန်းအတွက် အလှူငွေကျပ်ငါးသိန်းကို မြန်မာသီဟ ကုမ္ပဏီမန်နေဂျာ ဦးထွန်းဝင်းသိန်းက ပေးအပ်ရာ ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်က လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ အလတ်ချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် အဆိုပါ သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရဲသွေးက အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌက သင်တန်းသားများအတွက် စာအုပ်နှင့်ဘောလ်ပင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။(၀၄၂)

ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်နေ ဒေါ်ဝင်းမေ မိသားစုက မိဘများဖြစ်သော ဦးမောင်သွင်-ဒေါ်သင်းလှိုင်တို့အား ရည်စူး၍ ဖေဖော်ဝါရီ ၂၈ ရက်က ငွေပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို မုဒုံမြို့ ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးပိုးရီးထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

သန့်ရှင်းရေးဆောင်ရွက်

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လေယာဉ်ကွင်းလမ်းအား ဒုတိယဦးစီးမှူး (သန့်) ဦးကျော်ဝင်းနိုင်နှင့်အဖွဲ့ သန့်ရှင်းရေးဆောင်ရွက်နေမှုကို မတ် ၁၃ ရက်က အမှုဆောင်အရာရှိ ဦးတင်နု ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တပေါင်းလပြည့်နေ့အခါသမယတွင် နိုင်ငံတစ်ဝန်းရှိ

ဘုရား၊ ပုထိုး၊ စေတီတော်တို့၌ ကုသိုလ်ပုညပြုကြသူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် မတ် ၁၉

ယနေ့သည် တပေါင်းလပြည့်နေ့ အခါသမယဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် တပေါင်းလတွင် မြစ်ချောင်းကမ်းစပ်များ၌ သဲသောင်များ ဖြစ်ထွန်းလေ့ရှိသဖြင့် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့ကို သဲပုံစေတီများ ပြုလုပ်ပူဇော်သည့် ရာသီပွဲတော်အဖြစ် ရှေးအခါမှစ၍ အစဉ်အဆက် ကျင်းပခဲ့ကြသည်။ ထို့အပြင် တပေါင်းလပြည့်နေ့တွင် မြတ်ဗုဒ္ဓသည် ခမည်းတော်နှင့် ဆွေတော်မျိုးတော်များအား ဓမ္မရေအေး တိုက်ကျွေးတော်မူရန် ဇာတိဖြစ်သော ကပိလဝတ် မင်းနေပြည်သို့ ကြွတော်မူရန် ကာဠုဒါယီမထေရ်အား မြွက်ကြားတော်မူသဖြင့် ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့ ဗုဒ္ဓပူဇနီယပွဲတော် သိုက်မြိုက်စွာ ကျင်းပပြီး ညနေပိုင်းတွင် ဘုရားရှင်အား ရည်မှန်း၍ ဥပ္ပါတသန္တိစေတီတော်အား ဆီမီး ၉၀၀၀ ဖြင့် ထွန်းညှိပူဇော်ခြင်း၊ နေပြည်တော်ရှိ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ၊ နေပြည်တော်ခရိုင်ရှိ မြို့နယ်များမှ ဝတ်အသင်းအဖွဲ့များက ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်း၍ ဒါန၊ သီလ၊ ကုသိုလ်ပုညပြုကြသူများ၊ သမထ၊ ဝိပဿနာ ဘာဝနာပွားများကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

အလားတူ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့ရှိ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်၌လည်း ပျဉ်းမနားမြို့ သံလမ်းကျောင်းတိုက် ဆရာတော်နှင့် ဘုရားပွဲတော်ကျင်းပရေးနာယကအဖွဲ့ဝင် ဆရာတော်လေးပါးတို့ ကြီးမှူး၍ (၁၃၈)ကြိမ်မြောက် ဆုတောင်းပြည့် လောကမာရဇိန် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ကျင်းပကာ ဆရာတော်၊ သံဃာတော်အပါး (၁၅၀) နှင့် သာသနာ့နွယ်ဝင်သီလရှင် (၁၂၅) ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြပြီး သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပုညဆည်းပူးကြသူများ၊ မိသားစုအလိုက် ဘုရားဖူးကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဓာတုစယ (ဓာတ်ပေါင်းစု)စေတီတော်နှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၊ ပျဉ်းမနားမြို့ရှိ သမိုင်းဝင်ဘုရား ကိုးဆူစေတီ၊ ကိုးခမ်းကြီးဘုရားနှင့် လေ့ခွင်းတောင် စေတီတော်တို့၌ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပုည ဆည်းပူးကြသူများ၊ မိသားစုအလိုက် ဘုရားဖူးကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ရန်ကုန်မြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ ယနေ့တွင် ကုသိုလ်ကောင်းမှုပြုကြသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ သမထ၊ ဝိပဿနာ ဘာဝနာတရားပွားများ အားထုတ်ကြသူများဖြင့် စည်ကား လျက်ရှိသည်။

တပေါင်းလပြည့်နေ့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ အထူးစည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

တပေါင်းလပြည့်နေ့က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးတွင် ဒါန၊ သီလ၊ ကုသိုလ်ပုညပြုကြသူများ၊ သမထ၊ ဝိပဿနာဘာဝနာပွားများကြသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

အခါသမယအဖြစ်လည်း သတ်မှတ်ကျင်းပလာခဲ့ကြသည်။ ထို့ကြောင့် တပေါင်းလပြည့်နေ့တွင် နေပြည်တော်အပါအဝင် မြန်မာနိုင်ငံအသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီတော်တို့၌ ဗုဒ္ဓပူဇနီယ ပွဲတော်များကို ကျင်းပလျက်ရှိသည်။

စည်ကားများပြား

ယင်းသို့ ကျင်းပလျက်ရှိရာတွင် နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်ရှိ ဥပ္ပါတသန္တိစေတီတော်၌ ယနေ့နံနက်ပိုင်းတွင် တတိယအကြိမ် မြသပိတ်၊ ရွှေကြာသင်္ကန်းကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို စည်ကား

ရွှေတိဂုံစေတီတော်

သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ ရွှေတိဂုံစေတီတော် (၂၅၉၉) နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဆွမ်းတော်ကြီးတင်လှူပွဲအခမ်းအနားကို ယနေ့နံနက် ၅ နာရီတွင် ရင်ပြင်တော် တောင်ဘက်ဇည့်ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များက ဆီမီး၊ အမွှေးနံ့သာ ထွန်းညှိပူဇော်ခြင်း၊ မြတ်စွာဘုရားအား ပင့်ဖိတ်လျှောက်ထားခြင်း၊ လေးဆူဓာတ်ပုံမြတ်ရွှေတိဂုံ ဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ နဝင်္ဂ ဥပုသ်သီလခံယူဆောက်တည်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးနှင့် အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းခြင်း၊ ဂုဏ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျှပေးဝေ

ထို့နောက် နံနက် ၉ နာရီတွင် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချ အနုမောဒနာ အခမ်းအနားကို ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သီဟိုဠ်ဦးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ နန္ဒောဘာသထံမှ နဝင်္ဂဥပုသ်သီလခံယူ ဆောက်တည်ခြင်းနှင့် ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ကြကာ ရေစက်ချ အနုမောဒနာ တရားနာကြားကြပြီး အမျှပေးဝေကြသည်။

ဗိုလ်တထောင်စေတီတော်

ထို့အတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌လည်း ဘုရားဖူးလာကြသူများအား ကုသိုလ်ဖြစ် အခမဲ့စမ်းသပ် ဆေးဝါးလှူဒါန်းပွဲကို ကျင်းပသည်။

ရွှေဘုန်းပွင့်စေတီတော်

အလားတူ ရွှေဘုန်းပွင့်စေတီတော်၌ ယနေ့နံနက် အရုဏ်တက်ချိန်တွင် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဆွမ်း၊ သစ်သီး၊ မုန့်မျိုးစုံတို့ဖြင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ကြပြီး ညနေ ၄ နာရီတွင် သံဃာတော် (၁၂၈) ပါးနှင့် သီလရှင် (၂၉)ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ကုသိုလ်ပြု

ထို့အတူ ဆူးလေစေတီတော်၊ စွယ်တော်မြတ်စေတီတော်၊ သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ မဟာဝိဇယစေတီတော်၊ ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ငါးထပ်ကြီး၊ ကျိုက္ကစံစေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၊ တောင်ဥက္ကလာပစေတီတော်၊ မယ်လမုဘုရား၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့၊ ကျိုက်မှော်ဝန်း ရေလယ်ဘုရား၊ ကျိုက်ခေါက်စေတီတော်၊ ပါဒကြီးဘုရား၊ ခရမ်းမြို့ သွန်းဘုရားကြီးအပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အပြင် ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဗုဒ္ဓပူဇနီယပွဲတော်များ၊ သဲပုံစေတီပွဲများ၊ မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့ ပူဇော်ပွဲများကို ကျင်းပလျက်ရှိကြရာ ဘုရား၊ ပုထိုး၊ စေတီတော်တို့၌ ကုသိုလ်ပုညသံများ စည်ဝေလျက်ရှိသည်။

(သတင်းစဉ်)

မြောက်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၂၀ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြဝတီရုပ်မြင်သံကြား

၂၀-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနှားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၄၀)
၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထင်ယောင်ထင်မှား**
၁၂:၃၀ ၈။ ကျန်းမာသုတ
၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၅၁)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၄:၂၀ ၇။ လျှပ်တစ်ပြက်
၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၀ ၉။ မြန်မာ့ရှုခင်း
၄:၅၀ ၁၀။ အားလုံးရဲ့တာဝန်
၅:၁၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ ဘဝကြေးမုံ **(ချမ်းသာ)** မိုးထက်ပိုင်၊ မေဟသီ၊ ကောင်းမိုးယံ၊ စုမွန်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ - ဆဲဗင်း (IC)]
၆:၅၀ ၁၆။ ဂင်းနက်စ် ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ပဟေဠိနန်းတော်
၂၃။ ကျန်းမာသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင်ချစ်အိပ်မက်** (အပိုင်း-၂)
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၃၈)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၁) ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်ခြင်းခံရသူများ၏ ဘွဲ့တံဆိပ် အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသို့ ဆက်ကပ်လှူဒါန်း ပူဇော်ချီးမြှင့်ခြင်းခံရသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက် ကြည်ညိုကြပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ကြသည်။

တက်ရောက်ကြည်ညို

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် ၄င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး နှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီး များနှင့် ၄င်းတို့၏ဇနီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာန ဆိုင်ရာ အကြီးအကဲများ၊ အထူး ဖိတ်ကြားထားသော ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ နှင့် သံရုံးအကြီးအကဲများ၊ ဘာသာရေး အသင်းအဖွဲ့များနှင့် လူမှုရေးအသင်း အဖွဲ့များမှ တာဝန်ရှိသူများ၊ သာသနာ ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သာသနာပြုဘွဲ့ရရှိကြသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင် များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား မစတင်မီ ညနေ ၃ နာရီမှ စတင်၍ ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော် ဆိုင်းအဖွဲ့က ဓမ္မပူဇာ သီချင်းများဖြင့် သီကျူးတီးခတ် ဖျော်ဖြေသည်။

ထို့နောက် ညနေ ၃ နာရီခွဲတွင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး များ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား တာဝန်ရှိသူ များက သာသနာ့မဟာဗိမာန်တော် ကြီး၏ သတ်မှတ်ထားသည့်နေရာတွင် ကြိုတင်ပင့်ဆောင်ထားကြပြီး ကျန်ဘွဲ့ခံ ဆရာတော်များ၊ သီလရှင်ဆရာကြီး များနှင့် သာသနာနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ် များအား သာသနာ့မဟာဗိမာန်တော် ကြီးအတွင်းရှိ သတ်မှတ်နေရာအသီးသီး တို့၌ နေရာချထားပေးကြသည်။

ပင့်ဆောင်

ယင်းနောက် ညနေ ၄ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကဆရာတော် ကြီးများ *စာမျက်နှာ ၅ ကော်လံ ၁*

စာမျက်နှာ ၄ မှ

ဦးဆောင်သော တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား သာသနာ့မဟာဗိမာန်တော်ကြီး မင်္ဂလာနတ်လမ်းအတိုင်း သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းသို့ ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာကြရာ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်းများဖြစ်ကြသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက သာသနာ့အလံကို ကိုင်ဆောင်လျက် လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သိန်းညွန့်က အောင်သပြေစိုက် ငွေဖလားကိုပိုက်လျက် လည်းကောင်း၊ ညွှန်ကြားရေးမှူးဦးမောင်နီက နိုင်ငံတော်သံဃမဟာနာယက ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် လည်းကောင်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ပင့်ဆောင်လာကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးဝင်းထင်အောင်က တိပိဋကဓရ တိပိဋကကောဝိဒဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများအား ပင့်ဆောင်လာသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်က အဘိဓဇမဟာရဋ္ဌဂုရုဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီးသုံးပါးတို့အားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး လေးပါးအား လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်မျိုးက အဂ္ဂမဟာပဏ္ဍိတ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး (၁၀)ပါးတို့အားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းထွန်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံယူမည့် ဆရာတော်ကြီး (၂၁)ပါးတို့အား လည်းကောင်း ပင့်ဆောင်လာကြပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ပန်းမိုးရွာလျက် နောက်ဆုံးမှ လိုက်ပါပူဇော်သည်။

ဂါရဝပြုကြည်ညို

ယင်းကဲ့သို့ ဆရာတော်ကြီးများအား မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်လာကြရာတွင် နိုင်ငံတော်ဆိုင်းအဖွဲ့က ရောင်ခြည်တော်ဖွဲ့သီချင်းကြီးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း သတ်မှတ်နေရာအသီးသီးတို့၌ နေရာယူထားကြသော ပရိသတ်များက လက်အုပ်ချီမိုးလျက် ရှိခိုးဂါရဝပြု ကြည်ညိုကြသည်။

ယင်းနောက် မဟာမင်္ဂလာအခမ်းအနားကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် စတင်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူး သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဧည့်ပရိသတ်တို့က "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မဟာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ကြသည်။

သီဆိုပူဇော်

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် ခိုင်ဇင်ရွှေက ဗုဒ္ဓရောင်ခြည်တော်ဖွဲ့ ထူးမခြားနားသီချင်းခံကို မြန်မာ့ရိုးရာ မင်္ဂလာရွှေစောင်းနှင့် တွဲဖက်၍ သီဆိုပူဇော်သည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကိုက အခမ်းအနားဖွင့် စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိပိဋကဓရ တိပိဋကကောဝိဒ ရွှေးချယ်ရေး ဩဝါဒစရိယ မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသက သမ္ဗောဒနီယ ဩဝါဒကထာကို ချီးမြှင့်ဖတ်ကြားတော်မူသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက်သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်လက်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စင်ရပ်ကွက် ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ပေါက်မြိုင်ကျောင်းတိုက် အလယ်တိုက်ကြီး ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၄)ရပ်ကွက် မဟာဗောဓိလမ်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် ဘဒ္ဒန္တ ဂုဏသနအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဘွဲ့တံဆိပ်တော်ဆက်ကပ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရ ဦးတင်အောင်မြင့်ဦးက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စတိလအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် အိန္ဒိယသမ္မတနိုင်ငံ အာသံပြည်နယ် တိန်ချူးကြာခရိုင် လီဒိုမြို့ မိုလန်ခန္တီးကျောင်းဆရာတော် ဘဒ္ဒန္တဂုဏဝံသအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ မောင့်လေ့ဗင်းနီးယားရတ်မာလမမြို့ (Mount Lavinia Ratmalama)၊ The lawala လမ်း၊ ဆွာမာစမလိ (Swarnamali)၊ မဟာဝိဟာရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာထေရ် (Ven. Ambalangoda Sri Sumangala)၊ ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၇)ရပ်ကွက် ရွှေဟင်္သာတောရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတနှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် ဆုတောင်းပြည့်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမနာနန္ဒတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

လှူဒါန်း

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် (၃)ပါး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်(၃)ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဝန်ကြီးများက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစကပဏ္ဍိတနှင့် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သီလရှင်ဆရာကြီးများ

ထို့နောက် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်းက မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ဝိသာခါ သီလရှင် အမျိုးသမီးပညာရေးကျောင်းမှသီလရှင်ဆရာကြီး ဒေါ်ကိဿရထေရီအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၏ ဇနီးဒေါ်ခင်လေးသက်က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက်၊ မြဝတီ သီလရှင်စာသင်တိုက်မှ သီလရှင်

စာမျက်နှာ ၆ ကော်လံ ၁

20-3 (05).pmd 1 3/20/2011, 5:49 AM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစမ်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ဆရာကြီးဒေါ်တိက္ခဝတီအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် ကချင်ပြည်နယ် ဖားကန့်မြို့နယ် မရိုကတောင်ရပ်ကွက် ရောင်ခြည်ဦး ထေရဝါဒဗုဒ္ဓသာသနာပြု အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်းက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လယ်တီရပ်ကွက် မဟာလယ်တီဓမ္မသက သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်သုမာလာအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးဒေါ်စန္ဒမာလာအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။

အပ်နှင်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးဒေါ်ဓမ္မထေရီအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် ချင်းပြည်နယ် ဖလမ်းမြို့နယ် ကျင်မွာလ် ရပ်ကွက် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော် ရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး (က+ဃ)ရပ်ကွက် သမိန်ဗရမ်းလမ်း အမှတ်(၁၀၅)နေ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဦးရွှေမှီ၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၇)ရပ်ကွက် ကမ္ဘာအေးစေတီလမ်း ပြည်တော်အေးရိပ်သာ ခြံအမှတ်(၃/က)နေ ဒေါက်တာ သန်းထွန်း (ကံ့ကော်ရွှေပြည်)နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၄) မန္တလေး-လားရှိုးလမ်း အမှတ်(၁၄၆)နေ ဒေါက်တာ ကျော်စောတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။ ဦးယုံစိန်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

အဆောင်အယောင်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးက သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဖိုးစိန် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစမ်းက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော် ရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၃) ရပ်ကွက် (၂၇)လမ်း အမှတ်(၄၉)နေ ဒေါ်ကျင်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် တိုးချဲ့ ရပ်ကွက် ရတနာကျွန်းရိပ်သာနေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် (၂၃)ရပ်ကွက် သံသုမာလမ်း လမ်းသွယ် အမှတ်(၄၆/E)နေ ဦးမောင်သိန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာမိဿကျေးရွာနေ ဦးကျော်ငွေးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။ ဒေါ်နွဲ့နွဲ့ကြည်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘုရားကြီးရပ်ကွက် တရုတ်တန်းလမ်း တိုက်အမှတ်(၃)နေ ဒေါ်ကြွေကြွေတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း သီလရှင်ဆရာကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စရည်းပင်လမ်းထောင့် အမှတ်(၂၀၆)နေ ဒေါက်တာ ဦးစိုးသိန်းနှင့် သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘုရားကြီးရပ်ကွက် တရုတ်တန်းလမ်းနေ ဦးရာချီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘုရားကြီးရပ်ကွက် ပွဲစားတန်းလမ်းနေ ဦးစိန်လှိုင်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် (၅၈၁)ရပ်ကွက် (၈၂) လမ်း (၃၀ × ၃၁) အမှတ် (၃၈၅)နေ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် ရှမ်းပြည်နယ် တောင်ကြီးမြို့ ရွှေညောင်မြို့နယ် သုခချမ်းသာရပ်ကွက် နယ်မြေ-၂ နီလာလမ်း အမှတ်(၇၆)နေ ဦးသန်းငွေးနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဈေးရန်ပိုင်အရှေ့ရပ်ကွက် သစ်တောလမ်းအထက် အမှတ်(၈၆)နေ ဦးဝင်းဖေတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဘွဲ့တံဆိပ်တော်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်က အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀/က) ရပ်ကွက် အမှတ်(၁) လှော်ကားလမ်းနေ သီတဂူဒေါ်အေးသိန်း၊ သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် အထက် ကြည့်မြင်တိုင်လမ်း အမှတ်(၈၃)နေ ဒေါ်နီလာရွှေနှင့် သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရရှိသည့် မွန်ပြည်နယ်

စာမျက်နှာ ၇ ကော်လံ ၁

20-3 (06).pmd 1 3/20/2011, 5:49 AM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

မော်လမြိုင်မြို့ ရှမ်းကုန်းရပ် ဒိုင်းဝန်းကွင်း အမှတ်(၄၆)နေ ဒေါ်အေးကြည်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းက သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေဝတ်မှုံ (၁)လမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ်(၅)ရပ်ကွက် ရေခဲစက် (၁၁)လမ်း ခြံအမှတ်(၅)နေ ဒေါ်ပြုံးရီ၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ရွှေချည်ထိုး အနောက်ရပ်ကွက် ကဥ္စနမဟီရပ် (၃၄ × ၃၅) လမ်း (၇၈ × ၇၉)လမ်းကြား အမှတ် (၁၉၄/၁၂)နေ ဒေါ်သန်းသန်းဆွေနှင့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက် မန်းဘခိုင်လမ်း အမှတ်(၁၀)နေ ဒေါ်စမ်းရှင်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

အမှတ် (၁၇)နေ ဒေါ်နန်းချစ်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မြကန်သာဥယျာဉ် (၅)ရပ်ကွက် မြနန္ဒာလမ်း ခြံအမှတ် (p / ၁၄)နေ ဒေါ်စန်းစန်းဦးနှင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ အမှတ်(၄) ရပ်ကွက် (၇)လမ်း အမှတ်(၁၃)နေ ဒေါ်ရီရီဌေးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရရှိကြသည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်းရွှေ ၅၅၆-ရပ်ကွက် (၃၄) လမ်း (၈၀ × ၈၁)လမ်းကြား အမှတ် (၁၄၄) နေ ဒေါ်ခင်ပြုံးယဉ် (ခ)မငယ်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဗိုလ်ချုပ်ရွာသစ် ၃၀-ရပ်ကွက် ပန်းဝါလမ်း ခြံအမှတ် (၄၄)နေ ဒေါ်လယ်လယ်အောင်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အကွက် ၅၇၂၊ အောင်နန်းရိပ်သာအရှေ့ (၈၃)လမ်း (၃၁ × ၃၂) လမ်းကြား အမှတ်(၃၃၁)နေ ဒေါ်စံပယ်

သာသနာတော်ဆိုင်ရာ အဘိဓဇ စသည့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားသို့ ဇရာဒုဗ္ဗလဒဏ်ကို ကြံ့ကြံ့ခံရပ်တည်လျက် မူလတာဝန်(၂)ရပ်ကို ခဏတာမျှသည်းခံကာ မြတ်စွာဗုဒ္ဓ သာသနာတော်၏ ရှေ့ရေးကို မျှော်တွေးအားပေးချီးမြှောက်လိုသော သမ္မာဆန္ဒဗလဝဖြင့် ကြွရောက်ချီးမြှင့်တော်မူကြသည့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ကိုလေးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ အနန္တသခင် ကျေးဇူးတော်ရှင် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ဘုရား-

ဆွတ်ခူးပိုင်ဆိုင်ခွင့်ရရှိ

ပြည်ထောင်စု မြန်မာနိုင်ငံတော် ရာဇဌာနီ မင်းနေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး တည်ရှိရာ ကုန်းတော်မြတ် သာသနာ့ဗိမာန်တော်ကြီး၌ ယနေ့ ကျင်းပပြုလုပ်သည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့်တကွ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံတော်မူရသော သံဃာတော် အရှင်သူမြတ်အပေါင်းကို ဖူးမြော်ကြည်ညိုခွင့် ရရှိပါသောကြောင့် သာသနာ့မာမက၊ သာသနာ့ဥပဋ္ဌာက ဦးစီးဦးဆောင် ဒါယကာ၊ ဒါယိကာမများ အပါအဝင် ဖူးမြော်ကြည်ညိုခွင့် ရသူအားလုံး ပီတိရွှင်ပြုံးကြည်နူးမှု သဒ္ဓါပွားလျက် ကုသိုလ်ထူးများကို ဆွတ်ခူးပိုင်ဆိုင်ခွင့် ရရှိကြပါကြောင်း ဝမ်းမြောက်နှမော် လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်ကြီး အရှည်ခံ့တည်တံ့ပြန့်ပွား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ရေး၏ အဓိကအချက်သည် ပရိယတ်စာပေ သင်ကြားဆည်းပူးလေ့လာခြင်းပင် ဖြစ်သည်ကို "သာသန ဋ္ဌိတိယာပန ပရိယတ္တိယေဝ ပမာဏံ (ပ) တသ္မာပရိယတ္တိယာ ဋ္ဌိတာယ သာသနံ ဋ္ဌိတံ ဟောတိ" ဟု ဆရာတော်ဘုရားများ ဟောကြားဆုံးမသည့် ဒေသနာတော်အရ လေ့လာမှတ်သားဖူးပါသည်ဘုရား။

ဆိုလိုရင်းအဓိပ္ပာယ်မှာ "ပဋိဝေဓ၊ ပဋိပတ္တိတို့က ရှံခါရှိ၍ ရှံခါမရှိသော်လည်း သာသနာတော်တည်တံ့ခြင်း၏ နှိုင်းယှဉ်ကြောင်း၊ လိုရင်းပမာဏ အဓိကအချက်သည် ပရိယတ်သာ ဖြစ်ပါသည်။ ပညာရှိသူတော်ကောင်းတို့သည် ပိဋကသုံးပုံဟူသော ပရိယတ်ကို နာကြားသင်ယူ၍ ပဋိဝေဓ၊ ပဋိပတ္တိ နှစ်ပါးတို့ကိုလည်း ဖြည့်ကျင့်နိုင်ပါသဖြင့် ပရိယတ်တည်လျှင် သာသနာတော် တည်သည်-" ဟု သဘောပေါက် နားလည်မိပါသည်ဘုရား။

တစ်ဖန် သူတော်ကောင်းတရားတည်းဟူသော သာသနာတော်မြတ်ကြီး အရှည်ခိုင်ခံ့တည်တံ့ရန်၊ မပျောက်ပမကွယ်ပရန် အကြောင်းတရားတို့ကို အင်္ဂုတ္တိုရ်ပါဠိတော် (၂၊၁၁၅-၁၅၆)၌ ဟောကြားခဲ့ကြောင်း လေ့လာသိရှိရပါသည်ဘုရား။

ဤသာသနာတော်၌ ရဟန်းတို့သည်-

- ပရိယတ် တရားတော်ကို ရိုသေစွာ နာကြားကုန်၏။
- ပရိယတ် တရားတော်ကို ရိုသေစွာ သင်ယူကုန်၏။
- ပရိယတ် တရားတော်ကို ရိုသေစွာ ဆောင်ထားကုန်၏။
- ဆောင်ထားအပ်သော ပရိယတ်တရားတို့၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ကုန်၏။

အနက်အဓိပ္ပာယ်ကိုသိ၍၊ တရားသဘောကိုသိ၍ လောကုတ္တရာတရားအားလျော်သော အကျင့်ကို ရိုသေစွာ ကျင့်ကုန်၏။

ရှေးဆရာတော်များက "အင်္ဂုတ္တိုရ်လာ၊ သာသနာတည်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့၊ တရားကိုနာ၊ စာပေကိုသင်၊ နှုတ်တွင်ကျက်ဆောင်၊ သိအောင်လည်းပြု၊ ဓမ္မာနုဓမ္မတ်၊ ပဋိပတ်ကို၊ ကျင့်လတ်ကောင်းစွာ၊ ဤငါးဖြာတည်း-ဟု လင်္ကာသီကုံးရေးဖွဲ့ထုံး၍ ဆုံးမဟောကြားခဲ့သည်ကို မှတ်သား သိရှိရပါသည်ဘုရား။

လေ့လာသင်ယူကြရသော ပရိယတ္တိ သာသနာတော်၊ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကျင့်သုံးဆောင်ရွက်ကြရသော ပဋိပတ္တိသာသနာတော်၊ မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကို ဇာကန်ထိုးထွင်းသိမြင်ကြရသော ပဋိဝေဓ သာသနာတော်ဟူသော သာသနာတော် (၃)ရပ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ်အဆက်ဆက် သာသနာပြုမင်းများ လက်ထက်တွင် တိုးတက်လျက်ရှိပါသည်ဘုရား၊ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ဦးဆောင်မှုဖြင့် သာသနာ့ထိပ်တင် မဟာထေရ်ကြီးများနှင့် သံဃာတော်မထေရ်မြတ်များ၊ နိုင်ငံတော်အစိုးရအမှူးရှိသော ပြည်သူအများတို့သည် ဆရာ ဒကာ ညီညာလက်ယှက်လျက် သာသနာတော်မြတ်ကြီး အနှစ်ငါးထောင်မကသန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းရပ်များကို ဆောင်ရွက်ကြရာတွင် မဟာကုသိုလ်တော် လုပ်ငန်းတစ်ရပ်သည်ကား ခေတ်ပြောင်းလဲခြင်းနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းပူဇော်ခြင်းပင် ဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး တိုးတက်ထွန်းကားဆုံး ဦးဆောင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်လျက်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် သာသနာရေး၊ ဘာသာရေး အခမ်းအနားပွဲများကို ရာသီအလိုက် ကာလဒေသနှင့်အညီ ကျင်းပလျက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ရှိပါသည်ဘုရား။ ဆောင်း နွေ ကူးပြောင်း ခါတပေါင်းတွင် ဗုဒ္ဓပူဇနိယပွဲတော်များ အနယ်နယ်အရပ်ရပ်တွင် ကျင်းပလေ့ရှိပါသည်ဘုရား။ ထို့အတူ ဤမင်းနေပြည်တော်၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာကုသိုလ်တော် အခမ်းအနားကို ကောင်းစုံပြည့်ဝ သာယာလှပသည့် တပေါင်းလပြည့်နေ့ အခါသမယတွင် ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြပါသဖြင့် ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်အခါတော်မြတ် ဖြစ်ပါသည်ဘုရား။

ပူဇော်သင့် ပူဇော်ထိုက်သော အရှင်မြတ်များ၊ ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပူဇော်ချီးကျူးခြင်းသည် "**ပူဇာစ ပူဇနေယျာနံ**" မင်္ဂလာနှင့် ပြည့်စုံသည်ဖြစ်၍ မွန်မြတ်ကောင်းမြင့် အထူးပင် တင့်တယ်လှပါသည်ဘုရား။

စာမျက်နှာ ၈ ကော်လံ ၁

စာမျက်နှာ ၇ မှ

ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား-

"ဂုဏဝသေန ဟိ သမ္မာသမ္ဗုဒ္ဓေါ ယထာနာမရာဇာ စက္ကဝတ္တီ စက္ကရတနာ နုဘာဝေန စက္ကဝါဠဂဗ္ဘေ ရဇ္ဇသိရိံ ကတ္တာ" စသည့် ဒေသနာတော်လာအတိုင်း လေးကျွန်းသနင်း စကြဝတေးမင်းသည် စကြာရတနာ၏ အာနုဘော်ဖြင့် စကြဝဠာတိုက်ဝယ် စကြဝတေး၏ အသရေ(စကြဝတေးမင်းအဖြစ်)သို့ ရောက်ပြီးနောက် ကြောင့်ကြမဲ့မနေဘဲ အချိန်အခါအားလျော်စွာ နှိပ်ကွပ်ထိုက်သူတို့ကို နှိပ်ကွပ်ဆုံးမ၍ ချီးမြှောက်ထိုက်သူတို့ကို ချီးမြှောက်သကဲ့သို့- သုံးလောကထွဋ်ဖူး အောင်ပွဲမှူးသခင် ဘုရားရှင်သည်လည်း မဟာဗောဓိမဏ္ဍိုင်၌ ရတော်မူအပ်သော သဗ္ဗညုတဉာဏ်၏ အာနုဘော်ဖြင့် တရားမင်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ဖလသမာပတ်ချမ်းသာကို ခံစားတော်မူလျက် အေးအေးလူလူ ကြောင့်ကြမဲ့နေတော်မမူဘဲ ပရိသတ်လေးပါးတို့အလယ် တင့်တယ်စွာ ခင်းထားအပ်သော မြတ်သောဘုရားရှင်နေရာဝယ် သီတင်းသုံးနေထိုင်တော်မူကာ တပည့်သာဝက သာဝိကာများဖြစ်ကြသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့အား တရားဓမ္မဟောပြတော်မူလျက် နှိပ်ကွပ်ထိုက်သည့် ကိုယ်ကျင့်တရား မကောင်းသူများကို မြင့်မိုရ်တောင်ခြေရောက်အောင် ပစ်ချလိုက်သလို နှိပ်ကွပ်ဆုံးမတော်မူ၍ ချီးမြှောက်ထိုက်သည့် ကိုယ်ကျင့်တရားကောင်းမွန်သူများကို ဘဝဂ်ဘုံရောက် ပင့်မြှောက်တင်ထားလိုက်သလို ချီးမြှောက်တော်မူခဲ့သည်ကို ဆရာတော်ကြီးများ ဟောညွှန်ချက်အရ သိရှိမှတ်သားရပါသည်ဘုရား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်းများ လောင်းလှူ

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း တို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

တိပိဋကကောဝိဒဘွဲ့ရ ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်ထူးများ ပေါ်ထွက်လာအောင် စွမ်းဆောင်နိုင်ခဲ့သည်မှာ ပရိယတ္တိသာသနာ့သမိုင်းတွင် ထူးခြားထင်ရှားသည့် မှတ်တိုင်ကြီးများအဖြစ် စိုက်ထူနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်ဘုရား။

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား -

မြန်မာနိုင်ငံတွင် ပရိယတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင် ဆရာတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

ဤသို့ စကြဝတေးမင်းနှင့် သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်တို့၏ လောကအကျိုးစီးပွား၊ သာသနာတော်အကျိုးစီးပွားကို ပြုကျင့်တော်မူကြခြင်းဟူသော ရှေးပဝေဏီထုံးဥပဒေကို နှလုံးသွင်းကြလျက် ယခုနိုင်ငံတော်အစိုးရသည်လည်း ရှေးရှေးသော သာသနာပြုမင်းကောင်းမင်းမြတ်တို့ကျင့်သုံးခဲ့သော ပဝေဏီထုံးဟောင်းအစဉ်အလာကောင်းကို လိုက်နာကျင့်သုံးသောအားဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆည်မြောင်းတာတမံများတည်ဆောက်ခြင်း၊ လမ်းများပြုပြင်ဖောက်လုပ်ခြင်း၊ မြစ်ကူးတံတားကြီးများ တည်ဆောက်ခြင်းစသော တိုင်းပြုပြည်ပြုလုပ်ငန်းကြီးများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာတွင် တစ်ဖက်မှလည်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကို အားပေးချီးမြှောက် ထောက်ပံ့လိုသော စေတောပဏိဓိ နှလုံးသွင်းရှိကြသဖြင့် သာသနာတော် အရှည်တည်တံ့၍ စည်ပင်ပြန့်ပွားထွန်းကားတိုးတက်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့်နည်းတူ ပြည်သူပြည်သား စေတနာရှင် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဝိုင်းဝန်းချီးမြှောက် ထောက်ပံ့ပူဇော်လျက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့ သာသနာနုဂ္ဂဟအသင်းကြီးများ ပေါ်ပေါက်လာသည်မှာ ထေရဝါဒ ဗုဒ္ဓသာသနာအတွက် ဂုဏ်ယူဖွယ်တစ်ခု ဖြစ်ပါသည်ဘုရား။

နိုင်ငံအနှံ့

သာသနာတော်၏ ရေသောက်မြစ်သဖွယ်ဖြစ်သော ပရိယတ္တိပညာရေး သာသနာပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ၁၉၉၂ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ (ရန်ကုန်၊ မန္တလေး)မှ ဘွဲ့ရ စာပေပညာရှင် သာသနာပြုရဟန်းတော်များကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်ဘုရား။ ထို့ပြင် ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများသို့တိုင် သာသနာပြုလုပ်ငန်းများကို ရှေ့တန်းက ရပ်တည်သာသနာပြုနိုင်ရေးကို ရှေးရှုလျက် ၁၉၉၈ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်အစိုးရက တာဝန်ယူတည်ထောင်ခဲ့သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်တွင် (၁၃)နှစ်တာကာလအတွင်း နိုင်ငံပေါင်းများစွာမှ ဘွဲ့ရဗုဒ္ဓဘာသာစာပေပညာရှင် အများအပြားသည် နိုင်ငံအနှံ့၌ သာသနာပြုလျက်ရှိကြပါသည်ဘုရား။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးကို နိုင်ငံတော်အစိုးရက ဦးဆောင်လျက် အောင်မြင်စွာ ကုသိုလ်ယူ ကျင်းပ၍ သာသနာပြုနိုင်ခဲ့ပါသည်ဘုရား။ ပြည်တွင်းတွင် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲများကို နှစ်စဉ်ကျင်းပပေးခဲ့သည့်အပြင် မည်သည့်နိုင်ငံတွင်မှ မရှိသေးသော တိပိဋကရေး

များ၏ သာသနာပြုလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်တကွ အများပြည်သူတို့က ထောက်ပံ့လှူဒါန်းကြသဖြင့် သာသနာတော်ဘက်စုံထွန်းလင်းလျက်ရှိသည်မှာ လွန်စွာပင် သိသာမြင်သာလှပါသည်ဘုရား။ ဘုရားရှင်လက်ထက်တော်အခါကပင် တပည့်သာဝကများအနက် အရာဌာနအားလျော်စွာ ထူးချွန်ထက်မြက်ထင်ရှားသည့် ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာတို့အား ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်အားပေးခဲ့သည့် အစဉ်အလာကောင်းအတိုင်း ရှေးရှေးသော သာသနာပြု မင်းကောင်းမင်းမြတ်များနည်းတူ နိုင်ငံတော်အစိုးရက နှစ်စဉ် နိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းခဲ့ပါသည်ဘုရား။

ယခုနှစ် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁) ကို ထုတ်ပြန်ကြေညာလျက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းခဲ့ရာ -

- အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃-ပါး
- အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၄-ပါး

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **ကြည်ညိုသပ္ပာယ်ဖွယ်ဖူးမြော် ဥပ္ပါတသန္တိစေတီတော်**
၈:၀၀ ၅။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၈:၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
၈:၁၅ ၇။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၂၅ ၉။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၂၀ ၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၂၆)
၁၂:၁၅ ၄။ **Golf Magazine (TV)**
၁၂:၅၀ ၅။ မြန်မာရုပ်ရှင် **ရွှေခြည်ငွေခြည်တန်းပါလို့** ညွှန့်ဝင်း၊ ခင်ယုမေ၊ ချိုပြုံး (ဒါရိုက်တာ- ဦးသုခ)

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၄:၁၀ ၃။ တေးဂီတအစီအစဉ်
၄:၂၅ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒ၊ဓာတုဗေဒအထူးပြုများ) (သင်္ချာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ (၆၆)နှစ်မြောက်တပ်မတော် နေ့ ဂုဏ်ပြုအစီအစဉ်
၅:၁၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ **ရတနာဆင်ဖြူ အောင်နိမိတ်ယူပြည်ခွင်သာစွ ရွှေပြည်လှ**
၆:၃၅ ၁၂။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၁၃)
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၃၂)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၀၈)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၁၅)
၁၉။ **ရင်လှိုင်းခတ်သံ တေးသီဟန်**
၂၀။ အစီအစဉ်ပြီး၏။

...န်းကံကြီးမားသော ပုဂ္ဂိုလ်ထူးများ ပေါ်ထွက်
...ိုင်ခဲ့သည်မှာ ပရိယတ္တိသာသနာ့သမိုင်းတွင်
...တ်တိုင်ကြီးများအဖြစ် စိုက်ထူနိုင်ခဲ့ခြင်းပင်

...တော် အရှင်သူမြတ်တို့ဘုရား -
...သတ္တိဝန်ဆောင်၊ ပဋိပတ္တိဝန်ဆောင် ဆရာတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

...န်းများကို နိုင်ငံတော်အစိုးရနှင့်တကွ အများ
...ဒါန်းကြသဖြင့် သာသနာတော်ဘက်စုံထွန်းလင်း
...င် သိသာမြင်သာလှပါသည်ဘုရား။ ဘုရားရှင်
...င် တပည့်သာဝကများအနက် အရာဌာန
...က်မြက်ထင်ရှားသည့် ရဟန်း၊ ရဟန်းမ၊
...အား ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်အားပေးခဲ့
...အတိုင်း ရှေးရှေးသော သာသနာပြု မင်းကောင်း
...ိုင်ငံတော်အစိုးရက နှစ်စဉ် နိုင်ငံတော်၏
...သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို
...အပ်နှင်းခဲ့ပါသည်ဘုရား။
...စ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင်
...ာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်
...၁) ကို ထုတ်ပြန်ကြေညာလျက် သာသနာတော်
...းကို ဆက်ကပ်အပ်နှင်းခဲ့ရာ -
...ရဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃-ပါး
...သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ၄-ပါး

- အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၀-ပါး
- သာသနာပြုဘွဲ့တံဆိပ်တော်ရ ဆရာတော် ၄၇-ပါး
- ဓမ္မကထိကဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁-ပါး
- ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော် ၅-ပါး
- စာချဘွဲ့တံဆိပ်တော်ရ ဆရာတော် ၄၃-ပါး
- စာချဘွဲ့တံဆိပ်တော်ရ သီလရှင် ၄-ပါး
- သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား ၁-ဦး
- သာသနာပြုဘွဲ့တံဆိပ်တော်ရ သီလရှင် ၁-ပါး
- သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အမျိုးသား ၁၀-ဦး
- သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၁၅-ဦး

စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရပုဂ္ဂိုလ် (၁၄၄)ဦး ဖြစ်ပါသည်ဘုရား။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းရာတွင် ဆရာတော်အရှင်သူမြတ်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးထား ဆောင်ရွက်တော်မူကြလျက် သာသနာပြုတော်မူခြင်း သာသနဟိတဓရဂုဏ်၊ တရားတော်ကို သင်ကြားပို့ချဟောပြောညွှန်ပြခြင်း ဓမ္မာနုဂ္ဂဟဂုဏ်တို့ကို ရည်မှန်း၍ လည်းကောင်း၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၏ သာသနာပြုစွမ်းအင်နှင့် ဥပါသကာ၊ ဥပါသိကာ/ အမျိုးသား၊ အမျိုးသမီးတို့၏ သာသနာတော်ကို စေတနာထက်သန်စွာ ချီးမြှောက်ထောက်ပံ့ခြင်း သာသနာနုဂ္ဂဟဂုဏ်တို့ကို လေးစားတန်ဖိုးထား၍လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းပူဇော်လှူဒါန်းခြင်းဖြစ်ပါသည်ဘုရား။

ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား -

ဤကဲ့သို့ မြတ်လှထူးကဲ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲသည် ဂုဏ်ပြုသင့်၊ ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်တို့အား "ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော" ဟူသည်နှင့်အညီ ဂုဏ်ပြုပူဇော်ခြင်းဖြစ်၍ ပူဇာစ ပူဇနေယျ မင်္ဂလာ၊ ဒါနဥ္စ မင်္ဂလာ၊ ဂါရဝေါစ မင်္ဂလာ၊ သမဏာနဥ္စ ဒဿနမင်္ဂလာ အစရှိသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး အန္တရာယ်ခပ်သိမ်း ပပျောက်ငြိမ်းလျက် ကြီးပွားချမ်းသာ သုခအဖြာဖြာ အမှန်ပင်ရရှိကြလိမ့်မည်ဟု ဘုရားတပည့်တော်များ ယုံကြည်ကြပါသည်ဘုရား။ ဤယနေ့ပြုလုပ်ကြသည့် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ ကုသိုလ်ထူးသည် မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့ကြောင်း၊ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်ကြောင်းလည်း ဖြစ်ပါသည်ဘုရား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးနှင့် နိုင်ငံတော်သူ၊ နိုင်ငံတော်သားတို့၏ ကြီးပွားတိုးတက်ကြောင်းလည်း ဖြစ်ပါပေသည်ဘုရား။ တပည့်တော်တို့အတွက် တမလွန်ဘဝအဆက်ဆက်တို့၌လည်း အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြွေအရံများခြင်း၊ ကျော်စောခြင်း၊ ချမ်းသာခြင်း၊ ခွန်အားပြည့်ဝခြင်း စသော အကျိုးတရားများ တိုးပွားရုံမျှမက အမြတ်ဆုံးဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ လျှင်မြန်ထုတ်ချောက် ဆိုက်ရောက်နိုင်သော အထောက်အပံ့ကောင်းများအဖြစ် တည်ရှိနိုင်ပါစေသတည်း။ နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့သည် ဆရာတော်သံဃာတော်များ၏ ဩဝါဒကို ဦးထိပ်ရွက်ပန်ဆင်လျက် နိုင်ငံတော်အကျိုး၊ သာသနာတော်၏ အကျိုးများကို ပွားတိုးစည်ပင်အောင် လုံ့လကြိုးကုတ် အားထုတ်ဆောင်ရွက်နိုင်ကြပါစေသတည်း- ဟူ၍ ပတ္ထနာပြု ဆုမွန်ကောင်းတောင်းလျက် ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား။

ဘွဲ့တံဆိပ် အပ်နှင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။

(သတင်းစဉ်)

အပ်နှင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီးဒေါ်မြမြစန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဓမ္မိကာရုံ(ကျိုက်ပိ) ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံမှ ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမိသားစု၊ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ စစ်ရေးချုပ်ရုံးမိသားစု၊ စစ်ထောက်ချုပ်ရုံးမိသားစု၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစေတနာရှင် အလှူရှင်များက သတ်မှတ်နေရာအသီးသီးတို့မှနေ၍ ဆွမ်းဆန်စိမ်း အစရှိသော လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည်။

ယင်းသို့ လောင်းလှူကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင်ပြည်သူများသည် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်မုခ်အဝင်လမ်းနှင့် စေတီတော်ပတ်လမ်းတစ်လျှောက်တို့ရှိ သတ်မှတ်နေရာအသီးသီးတို့မှနေ၍ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ သဒ္ဓါကြည်ဖြူ လောင်းလှူပူဇော်ကြရာ ကြီးကျယ်ခမ်းနားလှစွာသော အလှူဒါနအောင်ပွဲသဘင်မှ ကောင်းချီးနမော် သာဓုခေါ်သံများ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်၌ ဘဝဂ်လျှံလျက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီးဒေါ်ခင်စောနှင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းစဉ်။ (သတင်းစဉ်)

မဟာစည်းခုံကြီးစေတီတော်မြတ်ကြီး ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အထွက် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

မဟာစည်းခုံကြီး စေတီတော်မြတ်ကြီး၏ စေတီတော်အထွက်တွင် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပါရမီရပ်ရှိ မဟာစည်းခုံကြီး စေတီတော်မြတ်ကြီး ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အထွက်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၆ နာရီခွဲတွင် အဆိုပါ စေတီတော် ပရိဝုဏ်ရှိ မဟာမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး တက်ရောက်ကြည်ညို၍ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို သာသနာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ တင်လှူပူဇော်သည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ စစ်ကိုင်းမြို့ ဟံသာဂီရိကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒဝံသနှင့် စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ၎င်းတို့၏ ဇနီးများ၊ ဘုရားဒါယကာ၊ ဒါယိကာမ၊ အလှူရှင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ စစ်ကိုင်းမြို့ ဟံသာဂီရိကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒဝံသထံမှ ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဘုရားဒါယကာ၊ ဒါယိကာမ၊ အလှူရှင်တို့က စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ စစ်ကိုင်းမြို့ ဟံသာဂီရိကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒဝံသနှင့် စစ်ကိုင်းမြို့ သီတဂူ ဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ထံ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံမှ ရေစက်ချ အနုမောဒနာ တရားတော်ကို နာယူကြည်ညိုကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဘုရားဒါယကာ၊ ဒါယိကာမ၊ အလှူရှင်တို့က ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို သာသနာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ စေတီတော်အထွက်သို့ တင်လှူပူဇော်ကြရာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က ဇယန္တော ဗောဓိယာမူလေ အစရှိသော အောင်ဂါထာတော်များကို ရွတ်ပွား သရဇ္ဈာယ်တော် မူကြသည်။

လှည့်လည် ပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့် အဖွဲ့ဝင်များ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ပင့်ဆောင်၍ မဟာစည်းခုံကြီး စေတီတော်မြတ်ကြီးအား လှည့်လည်ပူဇော်ကြစဉ်။
(သတင်းစဉ်)

တင်လှူပူဇော်

ဆက်လက်၍ တာဝန်ရှိသူများက စေတီအရံ လေးဆူတို့အား ထီးတော်များကို တစ်ပြိုင်နက်တည်း လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဘုရားဒါယကာ၊ ဒါယိကာမ၊ အလှူရှင်တို့က စည်တော်အဖွဲ့၊ သာသနာ့ အလံတော်ကိုင်များ၊ ပန်းစိုက်ဖလားကိုင် (ငွေပန်းအိုး)၊ ဆန်ပန်း ပေါက်ပေါက်ကြဲ ဖလားကိုင် ဒေဝါဝင်းအဖွဲ့များနှင့်အတူ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကိုပင့်ဆောင်၍ မဟာစည်းခုံကြီး စေတီတော်မြတ်ကြီးအား စေတီတော်များအထွက်သို့ တင်လှူပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ဥဒါန်းပါဠိတော်လာ နည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြပြီး စေတီတော်မြတ်ကြီးအား အသစ်တစ်ဖန် ပြုပြင်မွမ်းမံ၍ ရွှေထီးတော်အထွက် တင်လှူပူဇော်ရာ၌ အများအယွင်းနှင့် မပြည့်စုံခြင်းရှိပါက ခွင့်လွှတ်တော်မူပါရန် တောင်းပန်လွှာစာတမ်းကို ဖတ်ကြားကြသည်။

ရုပ်သိမ်း

ထို့နောက် ဆရာတော်၊ သံဃာတော်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ တိုင်းမှူးများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေထီးတော်တင်လှူ အောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် ခေါင်းလောင်း၊ မောင်း၊ ကြေးစည်နှင့် ထိုးစည်တို့ကို တစ်ပြိုင်နက် တီးခတ်ပူဇော်ကြပြီး ရတနာရွှေမိုး၊ ငွေမိုးများကို ရွာသွန်းပေးကြသည်။

ပန္နက်တော်တင်

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ တိုင်းမှူးများ၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က ကမ္ဘည်းမော်ကွန်းကျောက်စာတိုင် စိုက်ထူမည့်နေရာ၊ တံခွန်တိုင်စိုက်ထူမည့် နေရာနှင့် မုစလိန္ဒာအိုင် တည်ဆောက်မည့်နေရာတို့၌ ဗဟိုပန္နက်တော်များကို တင်ပေးကြသည်။

အနေကဇာတင်

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက မဟာစည်းခုံကြီး စေတီတော် အရှေ့မြောက်ထောင့် အရပ် မုစလိန္ဒာအိုင်အနီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်၏ လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် မဟာဆုတောင်းပြည့် ဘုရားကြီးတို့အား ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာကျင်းပ

နေပြည်တော် မတ် ၁၉

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်ထားသည့် ဥပ္ပါတသန္တိစေတီတော်၏ လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား တတိယအကြိမ် ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် မောင်မောင်အေး၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ၊ စေတီတော်ဂေါပက အဖွဲ့ဝင်များ၊ ဘာသာရေးနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

မင်္ဂလာအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ တိုင်းမှူး၊ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက စေတီတော်လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓပဋိမာရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် စေတီတော် ရင်ပြင်အရှေ့မြောက်ထောင့် ဂန္ဓကုဋိတိုက်ကျောင်းဆောင်တော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာဆုတောင်းပြည့် ဘုရားကြီးတို့အား ရွှေကြာသင်္ကန်းတော်၊ မြသပိတ်တော်ဖြင့် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် ရေချမ်းတော် တို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ကြည်ညိုကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား ဉဒါန်းပါဠိတော်လာ နည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ဆက်လက်၍ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ဆည်းပူးခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ထံမှ တိုင်းမှူး၊ ဝန်ကြီးများနှင့် ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သာသနာနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒသာမိ ထံမှ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်တို့က ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်းကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော်၏ လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူအား ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်၏ လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် မဟာဆုတောင်းပြည့် ဘုရားကြီးတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	**သမ္မာဒိဋ္ဌိ ငါးမျိုး** တရားတော် (ဆရာတော် ဦးဃောသိတ)
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄၈)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆)
၈း၄၅	ပျော်စရာကြီး Live Show အပိုင်း (၂)
၉း၂၀	သာသနဝဍ္ဍိကာရီ ကျောင်းဆောင်တော်မြတ်ကြီး ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာ
၉း၃၅	Sunday Talk (ပန်းချီတင်မောင်ဦး၊ မျိုးမြတ်သူ)
၁၀း၁၀	မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရပ်မှန်(၅) (သားဥကင်ဆာ)
၁၀း၃၀	ဗီဒီယိုပြခန်း
၁၀း၅၅	Jewelry Show of the Year 2011 (The Rich Gems) (Part -2)
၁၁း၃၀	Activities in the City (ဟာသ်တအသင်းချီးမြှင့်ဂုဏ်ပြုပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးများ)
၁၁း၄၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ -၂၀)
၁၂း၀၅	Activities in the City (ရွှေဆည် Entertainment မှ ဖွင့်လှစ်မည့် အနုပညာ ဒီပလိုမာ သင်တန်း စာနယ်ဇင်းရှင်းလင်းပွဲ)
၁၂း၁၅	ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၁၂း၃၅	ရန်ကုန်မြင်ကွင်းကျယ် (American Vision မှ စီစဉ် ကျင်းပသော မျက်စိရောဂါ အကြောင်းဟောပြောပွဲ)
၁း၀၀	**သမ္မာဒိဋ္ဌိ ငါးမျိုး** တရားတော် (ဆရာတော် ဦးဃောသိတ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း **အရွဲ့တိုက်တာကောင်းတယ်၊ အရွဲ့မတိုက်တာကောင်းတယ်**
၃း၃၀	ရခိုင်သဟာယအသင်းနှင့် ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)တို့၏ ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုပေးပွဲ
၄း၀၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၆)
၄း၄၀	နွေးထွေးသော အိမ်မှသည် ချမ်းမြေ့သာယာသောအိမ်ဆီသို့ (THE OASIS HOTEL)
၅း၀၀	သွားမယ်စားမယ် (Yin Fong Seafood)
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ (အပိုင်း -၄)
၆း၀၀	MRTV-4 သတင်း
၆း၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄၉)
၇း၃၀	ပျော်စရာကြီး Live Show (အပိုင်း -၃)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Kid ' s Show (ရွှေပြည်နန်း ကလေးသရုပ်ဆောင်ပြိုင်ပွဲ)
၉း၁၅	ခရီးပျော်တို့လမ်းညွှန်ရာ (ပုဂံခရီးစဉ်) (အပိုင်း -၃)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇)
၁၀း၁၅	ပန်းချီပြခန်း (Step by Step) ပန်းချီပြပွဲ
၁၀း၂၅	**Barclays Premier League Chelsea Vs Man City**
၁၂း၂၅	လယ်တီသာသနာ လယ်တီကျောက်စာ
၁၂း၅၅	အတ္တရုံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
၁း၀၅	ဘဝများ (တင်မိုးလွင်)
၁း၃၅	**ရင်နှစ်ပန်းတို့လန်းစေချင်** ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)]
၁း၄၅	စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
၂း၀၅	ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဥယျာဉ်ကမ္ဘာ
၂း၁၅	Movie Mistakes (Mr And Mrs Smith)
၂း၄၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (အင်းလေးဒေသရဲ့ ထူးခြားတဲ့ငါး **ငါးဖိန်း**)
၂း၅၀	လှပသစ်ဆန်းအလှပြင်ခန်း (Violet Style Beauty Spa)
၃း၁၅	အရှည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ ကြွေပြားအလှ
၃း၃၅	ဗဟုသုတများစုဆောင်းရာ Knowledge Bank
၃း၅၀	ကံကောင်းခြင်းတွေ ဝေဆာစေမည့် မန္တလာမြေမှ Lucky Home
၄း၁၅	အလှဆင်စရာပရိဘောဂကမ္ဘာ (Pwint Oo Modern Furniture)
၄း၂၅	လှပတင့်တယ် ကယားရိုးရာ ရက်ကန်းအထည်
၄း၃၅	Treasure from the Earth အပိုင်း (၁)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Sunderland - Liverpool	ESPN (Live)
၉း၂၅	Chelsea - Man City	STAR SPORTS (Live)

20-3 (11).pmd 1 3/20/2011, 5:49 AM

သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့စေကြောင်း ပစ္စယ၊ ဓမ္မနုစ်ဝသော ကုသိုလ်ကောင်းမှုတို့ကို ဆရာ ဒကာလက်တွဲညီညာဖြည့်ကျင့်

နေပြည်တော် မတ် ၁၉

၁၃၇၂ ခုနှစ် တပေါင်းလပြည့်နေ့ ၂၀၁၁ ခုနှစ် မတ် ၁၉ ရက် (စနေနေ့)တွင် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသော ၂၀၁၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနား၌ တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေး ဩဝါဒါစရိယ မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ ချီးမြှင့်ဖတ်ကြားတော်မူသော သမ္ဘောဒနီယ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ ဂုဏဝိသိဋ္ဌပူဇာသဘင်အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများ၊ ပြည်တွင်း ပြည်ပမှ ဘွဲ့ခံဆရာတော်အရှင်သူမြတ်တို့ဘုရား....

ဤဂုဏဝိသိဋ္ဌ ပူဇာသဘင်အခမ်းအနား၌ ဘုရားတပည့်တော်အား သံဃာတော်အပေါင်း၏ကိုယ်စား ဝမ်းမြောက် ဖွယ်ရာ သမ္ဘောဒနီယ ဩဝါဒစကားပြောကြားခွင့်ပြုတော်မူပါရန် ရှိသေလေးစားစွာ ပန်ကြားလျှောက်ထားအပ်ပါသည်ဘုရား။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ စေတနာ၊ သဒ္ဓါတရားထက်သန်စွာ စည်းဝေးညီညာတက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အကြီးအကဲများအမှူးပြုသော ဗုဒ္ဓဘာသာဝင် သူတော်စင် သူတော်ကောင်းအပေါင်းတို့အား သမ္ဘောဒနီယ ဩဝါဒစကား ပြောကြားလိုသည်မှာ-

ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပြည့်စုံသည့် ဤသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲကြီးသည်ကား ဘုရားရှင်ကိုယ်တော်တိုင် စတင်တည်ထွင်တော်မူခဲ့သော ပဝေဏီလမ်းကြောင်း ထုံးဟောင်း အစဉ်အလာသို့ ကောင်းစွာလိုက်၍ ဆင်ယင်ကျင်းပအပ်သော သာသနာနုဂ္ဂဟ ဂုဏပူဇာမဟာသဘင် အခမ်းအနားကြီး ဖြစ်ပေသည်။

သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် မိမိ၏တပည့်သာဝကသာဝိကာမများအနက် ပညာအရာ၊ တန်ခိုးအရာ၊ အလှူဒါနအရာစသည်တို့၌ သူမတူအောင်ထူးချွန်မြင့်မြတ်ကြသည့် ရဟန်းတော်များ၊ ရဟန်းမများနှင့် လူဥပသကာ၊ ဥပါသိကာမများအား ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးမြှောက်စားတော်မူခဲ့ပါသည်။ မြတ်စွာဘုရားရှင် လက်ထက်တော်က ဧတဒဂ်ဘွဲ့ထူးဂုဏ်ထူးဖြင့် ချီးကျူးမြှောက်စားခြင်းခံရသည့် ပုဂ္ဂိုလ်များမှာ-

- ရဟန္တာအရှင်မြတ်ကြီးပေါင်း (၄၁)ပါး
- အမျိုးသမီးရဟန္တာမကြီးပေါင်း (၁၃)ပါး
- ဥပသကာအမျိုးသားပေါင်း (၁၁)ဦး
- ဥပါသိကာအမျိုးသမီးပေါင်း (၁၀)ဦး

တို့ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်လက်ထက်တော်မှစပြီး ဘုရားရှင်ကိုယ်တော်တိုင် ဘွဲ့ထူး၊ ဂုဏ်ထူးဖြင့် ချီးကျူးမြှောက်စားသည့် အားလျော်စွာ ရှေးရှေးသော သာသနာပြု မင်းကောင်းမင်းမြတ်များသည်လည်း သာသနာတော်၌ ပိဋကတ်ကျမ်းဂန်တတ်မြောက်ကျွမ်းကျင်တော်မူကြသည့် သီလဝန္တသိက္ခာကာမ ဆရာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး သာသနာတော်ကို အားပေးချီးမြှောက်ခဲ့ကြပါသည်။

ရှေးရှေးသော သာသနာပြု မင်းကောင်းမင်းမြတ်တို့၏ ထုံးတမ်းစဉ်လာနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရမင်းတို့ကလည်း သာသနာတော်၌ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူကြသည့် ပြည်တွင်း ပြည်ပမှဆရာတော်များ၊ သီလရှင်ဆရာကြီးများ၊ သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့ လှူဒါန်းကြသည့် လူပုဂ္ဂိုလ်အမျိုးသား၊ အမျိုးသမီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်မပြတ် ဆက်ကပ်ပူဇော်ခြင်းဖြင့် သာသနာတော်ကို အားပေးချီးမြှောက်ခဲ့ကြသည်။

ဤကဲ့သို့ ပူဇော်ထိုက်သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များအား ပူဇော်ခြင်းသည် ''ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ''ဟူသော ဒေသနာတော်နှင့်အညီ ပစ္စုပ္ပန် တမလွန် နှစ်တန်လုံးမှာ ကြီးပွားတိုးတက်ကြောင်း ကောင်းမြတ်သောကုသိုလ်မင်္ဂလာ ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်ကလည်း ပါထိကဝဂ္ဂပါဠိတော်၌-

''ဓဝံ ဧတံ ဘိက္ခုံ ပသံသထ၊ ဧသော ဟိ ဘိက္ခု နတုမှာကံ သာဝကော နာမ၊ ဗုဒ္ဓေါ နာမ ဧသေနု''

''ရဟန်းတို့ ပရိယတ္တိ အကြားအမြင်များသည့် စာတတ်ပေတတ် ကျမ်းတတ်အကျော် ရဟန်းတော်ကို ဤပုံ ဤနည်း ချီးကျူးကြကုန်လော့၊ ထိုစာတတ်ပေတတ် ကျမ်းတတ်အကျော် ရဟန်းတော်သည် သင်တို့၏ သာဝကမဟုတ်၊ ဗုဒ္ဓမည်၏''ဟု ဂန္ဓန္တရကြွယ်ဝတတ်မြောက်သည့် ရဟန်းတော်ကို ကိုယ်တော်အရာမှာထား၍ မြှောက်စားတော်မူခဲ့သည်။

အဘယ့်ကြောင့် ဗဟုသုတရဟန်းကို ဗုဒ္ဓမည်၏ဟု မိန့်တော်မူရပါသနည်းဟူမူ-

''ပရိယတ္တိ ဓမ္မသ သတ္ထုကိစ္စ ကရဏတော တတ္ထစသ သမ္ဗဒေဝ အဝဋ္ဌိတဘာဝတော ဗုဒ္ဓေါနာမ ဧသောတိ ဝုတ္တော''ဟူသော ဋီကာဖွင့်ဆိုချက်အရ-

ပရိယတ္တိတရားတော်သည် ဘုရားကိစ္စကိုပြုတတ်သည်။ ထိုရဟန်းကလည်း ထိုပရိယတ္တိအရာ၌ ကောင်းစွာ တည်နေသည်။ ထို့ကြောင့် ထိုဗဟုသုတ ရဟန်းကို ဗုဒ္ဓမည်၏ဟု မိန့်တော်မူခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ မြတ်စွာဘုရားရှင်က ကိုယ်တော့်အရာထား၍ ချီးကျူးတော်မူအပ်သော ဗဟုသုတ၊ အာဂတာဂမ စသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူကြသော ဆရာတော်ဘုရားကြီးများကို ငါတို့ပူဇော်ကြရခြင်းသည် ငါတို့အတွက် အလွန်ကောင်းမြတ်သော လာဘ်ကြီးတစ်ခုဖြစ်ပါပေသည်။ ငါတို့မှာ လွန်စွာ အရတော်ပေစွဟု နှလုံးသွင်းကြပြီး ထက်သန်သော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် ဝမ်းမြောက်ဝမ်းသာ ပူဇော်ကြကုန်ရာသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး အရှည်ခံ့၍ စည်ပင်ထွန်းကားပြန့်ပွားမှသာလျှင် ဝေနေယျများစွာ သတ္တဝါတို့ လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ရရှိခံစားနိုင်ကြမည်ဖြစ်သဖြင့် သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့စေကြောင်း ကောင်းမြတ်သော ပစ္စယ၊ ဓမ္မနုစ်ဝသော ကုသိုလ်ကောင်းမှုတို့ကို ဆရာဒကာ လက်တွဲညီညာ ဖြည့်ကျင့်ကြကုန်လျက် နိဗ္ဗာန်တိုင် ထောက်ရောက်နိုင်ကြပါစေ။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏ ကျေးဇူးတော်အစုံ၊ ဂုဏ်တော်အနန္တတို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေဟူ၍ ဆုတောင်းပတ္ထနာပြုလျက် သမ္ဘောဒနီယ ဩဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသတည်း။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

လှိုင်ကော်မြို့နယ် သီရိမင်္ဂလာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၄ ရက်က မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်နေမှုကို ပြည်နယ်စည်ပင်ညွှန်ကြားရေးမှူး ဦးမင်းဟန် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်သူ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးမြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်နေမှုကို မတ် ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ရဲသူရိန်ဦးလှမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုင်းကိုင်မြို့နယ်ဈေးများမီးဘေးလုံခြုံရေးအတွက် သရုပ်ပြလေ့ကျင့်နေမှုကို မတ် ၃ ရက်က အမှုဆောင်အရာရှိ ဦးမြတ်ကိုသန်း ကြီးကြပ်၍ မြို့နယ်မီးသတ်ဌာနတာဝန်ခံ ဦးထိန်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌတို့ ဦးဆောင်၍ သရုပ်ပြလေ့ကျင့်နေမှုကို မတ် ၅ ရက်က ကျုံဒိုးမြို့မဈေးရှေ့၌ ကျင်းပစဉ်။ (၁၀၉)

သရက်ခရိုင် သရက်မြို့ အမှတ် (၁၀၂) သစ်စက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၆ ရက်က စက်ရုံမှူး ဦးဖြိုးထိုက်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်တို့ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်ရုံအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံဝန်ထမ်းများ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒသမနေ့ ဆက်လက်ကျင်းပ

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် လာရောက်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၉

နေပြည်တော်၌ ဒုတိယအကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် အနီးမဏိရတနာ ကျောက်စိမ်းခန်းမ၌ ဒသမနေ့အဖြစ် ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် လာရောက်ကြည့်ရှုအားပေးသည်။

ဈေးပြိုင်စနစ်ရောင်းချ

ဒသမနေ့ပြပွဲကို နံနက် ၈ နာရီခွဲမှ စတင်၍ကျင်းပရာ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် စတင်ရောင်းချပွဲတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ဈေးနှုန်းအဆိုပြုလွှာများကို အပြိုင်အဆိုင်အဆိုပြု ဝယ်ယူကြသည်။ ယင်းသို့ ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာတွင် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံကြီးကြပ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

နှုတ်ဆက်အားပေး

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ပြပွဲဗဟိုကော်မတီဝင်များလိုက်ပါလျက် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် (၂၂) ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကောလင်း စည်ပင်အမှုဆောင် ကူးတို့လိုင်းစစ်ဆေး

ကောလင်း မတ် ၁၉

ကောလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေသည် မတ် ၅ ရက်က အဖွဲ့ပိုင်ကြာအင်း-ဂေါင်းဖြူ-ငါးဘတ်အိုင် ကူးတို့လိုင်းတွင် ခရီးသည်နှင့် ကုန်ပစ္စည်းများ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် အသက်ကယ်ဘော၊ အသက်ကယ်အင်္ကျီ ထားရှိမှုနှင့် စက်လှေများ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဓာတ်ဆီ ဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ် လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

ကသာမြို့နယ်၌ ချမ်းမြေ့ရတနာတံတားဖွင့်

ကသာ မတ် ၁၉

ကသာမြို့နယ်တုတ်ကြီးကျေးရွာရှိ ချမ်းမြေ့ရတနာတံတားနှင့် ကျေးရွာမှ အလှူရှင်များ လှူဒါန်းသည့် မုခ်ဦးနှင့် လမ်းဖွင့်ပွဲကို မတ် ၆ ရက်နံနက်က အဆိုပါတံတားမုခ်ဦး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းထိုက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြူအင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်အောင်တို့က တံတားသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တုတ်ကြီးကျေးရွာ ဦးတင်မောင်-ဒေါ်ကျင်မေမိသားစုက လှူဒါန်းခဲ့သည့်မုခ်ဦးနှင့် လမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းထိုက်၊ ရပ်ကွက်ဥက္ကဋ္ဌဦးမြင့်အောင်၊ အလှူရှင်ဒေါ်ကျင်မေတို့က မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ချမ်းမြေ့ရတနာတံတားမှာ အလျား ပေ ၁၂၀၊ အကျယ် ၆ပေ ရှိပြီး စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၅၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တံတားတည်ဆောက်ရေး အလှူငွေလှူဒါန်း

ကျောင်းကုန်း မတ် ၁၉

ရေဂလုတ်(ချောင်း၀)တံတားတည်ဆောက်ရေးအတွက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာအရှင်ဉာဏိသရက လှူဒါန်းသောငွေကျပ်သိန်း ၁၀၀အား လှူဒါန်းပေးအပ်ပွဲကို မတ်၂ရက် မွန်းလွဲ ၁နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆရာတော်ကိုယ်စားတပည့်ရင်းဖြစ်သူ သီတဂူအရှင်သုန္ဒရက တံတားဖြစ်မြောက်ရေးကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

တောင်ကြီး မတ် ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း နောက်ဆက်တွဲစာရင်းကောက်ယူခြင်း လုပ်ငန်း၊ ကွင်းဆင်းစာရင်းကောက်ယူမှုလုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးဦးကျော်ငြိမ်းအောင်သည် မတ် ၂ရက်က တောင်ကြီးမြို့နယ် သံတဲကျေးရွာအုပ်စု သာသနာပုန်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။**(အောက်ပုံ)**

၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နမူနာ ကောက်နည်းလမ်းဖြင့် ကောက်ယူခြင်းဖြစ်ပြီး တောင်ကြီးမြို့နယ်အတွင်း အိမ်ထောင်စုလုပ်ငန်း ခွင်ပေါင်း ၃၉၉၉ ခုကို မတ် ၃၁ရက်တွင် အပြီးကောက်ယူသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(၁၈၉)**

အရောင်းကိုယ်စားလှယ်များ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၁၉

Geofman Pharmaceuticals,Hero International Enterprise Ltd.နှင့် Sandar Myanig Company Ltd. တို့က ကြီးမှူး၍ ဆရာဝန်ကြီးများနှင့် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁၃ရက်ညနေ ၆နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ Geofman Group of Companies အထွေထွေမန်နေဂျာ မစ္စတာဇဖားရာဂျဟန်နှင့် စန္ဒာမြိုင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဒေါ်ဖြူဖြူခင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

Geofman Pharmaceuticals, Pakistan သည် ISO 9001-2000 လက်မှတ်ရ ကုမ္ပဏီဖြစ်ပြီး Pakistan နိုင်ငံတွင် ၁၉၇၃ခုနှစ်မှ စတင်၍ ဆေးဝါးအမျိုးပေါင်း ၂၀၀ကျော်ကို ထုတ်လုပ်ပြီး နိုင်ငံပေါင်း ၁၈ နိုင်ငံသို့ ဆေးဝါးများ တင်ပို့ရောင်းချနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။

ဆေးဝါးများကို ၂၀၀၄ခုနှစ်မှ စတင်၍ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် စန္ဒာမြိုင် ကုမ္ပဏီလီမိတက်က တင်သွင်းဖြန့်ဖြူး ရောင်းချပေးနေသည့် NORAMINE TABLET အာရုံကြောအားဆေးသည် မြန်မာနိုင်ငံတွင် လူသုံးများပြီး သွေးတိုး၊ ဆီးချို၊ သွေးချို ရောဂါရှိသူများ သောက်သုံးနိုင်ကြောင်း သိရသည်။စန္ဒာမြိုင် ကုမ္ပဏီလီမိတက်နှင့် ဆက်သွယ်လိုပါက ဖြန့်ချိရေးအမှတ်(၇) ၁၀၈လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၁၅၁၆ နှင့် ၂၉၀၃၆၆တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က အဆိုပါ အဆောက်အအုံရှေ့၌ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း)တရားသူကြီး ဦးစိုးသိန်းက နမ့်စန်မြို့နယ် တရားရုံးအဆောက်အအုံသစ် ဖွင့်လှစ်ရခြင်းနှင့် သက်ဆိုင်သည့်အကြောင်း အရာများကို ရှင်းလင်းပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဘွဲ့လွန်ဒီပလိုမာ စာမေးပွဲ စစ်ဆေးမည်

ရန်ကုန် မတ် ၁၉

စင်ကာပူအမျိုးသားတက္ကသိုလ် National University of Singapore (NUS) ၏ Institute of System Analysis တွင် ၂၀၁၁ဩဂုတ်လ Intake အတွက် Graduate Diploma in System Analysis ဘွဲ့လွန်ဒီပလိုမာကို တက်ရောက်လိုသူများအတွက် ဝင်ခွင့်စာမေးပွဲကို မြန်မာနိုင်ငံ၌ လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

ပို့ချပေးမည်

၂၀၁၁ ဩဂုတ်လ စာသင်နှစ်အတွက် စတင်လျှောက်ထားနိုင်ပြီး ဝင်ခွင့်ဖြေဆိုရမည့် Aptitude Test အတွက် အခမဲ့ရက်တိုသင်တန်းကို မတ် ၂၆ ရက်မှစတင်ကာ CROWN Education၌ ပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

ဘွဲ့လွန်ဒီပလိုမာ တက်ရောက်ရန်အတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရန် လိုအပ်ပြီး(Science ဘွဲ့ကို ပိုပြီးဦးစားပေးပါသည်။)IELTS /TOEFL အမှတ်မရရှိသူများပါ လျှောက်ထားနိုင်သည်ဟု သိရသည်။ ကွန်ပျူတာ Programming / Web Developing အလုပ်အကိုင် အတွေ့အကြုံရှိသူများအတွက် ဝင်ခွင့်ရရှိရန် အခွင့်အရေးပို၍များနိုင်ပြီး ကျောင်းလျှောက်ထားရာတွင် Online မှ လျှောက်ထားရန်လိုအပ်ကာ သတ်မှတ်အရည်အချင်းပြည့်မီသူများကို ဝင်ခွင့်စာမေးပွဲဖြေဆိုနိုင်ရန် CROWN Education မှ စီစဉ်ဆောင်ရွက်ပေးမည်ဟု သိရသည်။

နောက်ဆုံးထား

ကျောင်း၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသော လျှောက်လွှာပိတ်ရက်ကို နိုင်ငံတကာ ကျောင်းသားများအတွက် ၂၀၁၁ခုနှစ် မေ ၁၆ရက်တွင် လျှောက်လွှာတင်ရန် နောက်ဆုံးရက်ဟုဖော်ပြထားသော်လည်း မြန်မာနိုင်ငံ၌ စာမေးပွဲလာရောက်စစ်ဆေးနိုင်ရန် ဧပြီ ၃၀ရက်တွင် နောက်ဆုံးထားပြီး လျှောက်ထားရန်လိုအပ်သည်ဟု သိရသည်။ အဆိုပါ သတ်မှတ်ထားသောနေ့ထက်နောက်ကျရောက်လာသော လျှောက်လွှာရှင်များအနေဖြင့် ဝင်ခွင့် စာမေးပွဲကို စင်ကာပူတွင် ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက CROWN Education, Summit Parkview Hotel, ဖုန်း-၂၁၁၈၈၈၊ (Ext ၂၂၈/၂၂၉) နှင့် ၀၉-၅၀၈၅၁၈၅ တို့ထံသို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



မြစ်သားမြို့နယ်၌ ဂန္ဓမာလမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဒေါ်ခင်မျိုးမျိုးလတ်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ မတ် ၅ရက်က လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်မင်း ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဘုရင့်နောင်လမ်း ကတ္တရာလမ်းပေါက်ဖာခြင်း ဆောင်ရွက်နေမှုကို မတ် ၁၀ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဆန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းတို့ ရှင်းလင်းတင်ပြစဉ်။ (၁၈၃)

ကျိုက်လတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှတ်(၄)ရပ်ကွက် ဦးပြုံးချိုလမ်း လမ်းပေါက်ဖာခြင်းလုပ်ငန်းကို မတ် ၁၂ရက်က အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှိုင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ် နမ့်ဟူး-ပေါက်အင်းကြီးမြေသားလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မတ် ၁၀ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းထိုက်နှင့် အင်ဂျင်နီယာမှူး ဦးမောင်မောင်သွင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်းမြို့နယ် မကျီးကိုင်းအုပ်စု ကုန်းတဲကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်ကာ ဂါလန် ၁၀၀၀ဆံ့ ရေကန်တည်ဆောက်ပြီးနောက် ကျေးလက်ပြည်သူများအား ရေပေးဝေနေမှုကို မတ် ၁၁ ရက်က ဦးစိုးမင်းလတ် (အငယ်တန်းအင်ဂျင်နီယာ-၂) စက်မှု ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများအား

ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်

◆ *ရှေ့ဖုံးမှ*

ထို့အပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာ၌ ကဏ္ဍပေါင်းစုံမှ ထူးထူးကဲကဲ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းနိုင်ရန်အလို့ငှာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၀၉)ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ထုတ်ပြန်ခဲ့သည်။

၁၃၇၂ ခုနှစ် နတ်တော်လဆုတ် ၁၄ ရက် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ အခါသမယတွင် *စာမျက်နှာ ၄ ကော်လံ ၁* ❖

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။
(သတင်းစဉ်)